

By Bobbi Katz
Illustrated by Steve Bjorkman

(စီမံချက်နယ်မြေများအတွင်းအသုံးပြုရန်)

ရင်သွေးငယ်မှ ဘာသာပြန်ဆိုထုတ်ဝေသည်။



ကျုပ်တို့ဘာလဲဆိုတာသိရဲ့လား? မြေကြီးပေါ်မှာလည်းနေတယ်။
လေထဲမှာလည်းနေတယ်။ နေရာတိုင်းမှာ တို့ရှိကြတယ်။ ကဲ – သိပြီလား?
ရောဂါပိုးမွှားတွေပဲပေါ့။

တို့ကိုမျက်စိနဲ့မြင်နိုင်သလား။ ဝေးသေး၊ ဘယ်တွေ့လိမ့်မတုန်း။
မှန်ဘီလူးနဲ့ပဲ မြင်နိုင်လိမ့်မယ်။



သေးလွန်းလို့ မမြင်နိုင်ပေမယ့် အထင်မသေးနဲ့။
တို့ကသန်မာတယ်။ ပြီးတော့စိတ်လည်းပုတ်တယ်။



ဒေါက် ဒေါက် ဒေါက် ခန္ဓာကိုယ်ကြီး၊ ကျုပ်တို့ကို ဝင်ခွင့်ပြုပါ။
ခင်ဗျားကိုယ်ထဲဝင်ပြီးတာနဲ့ နေမကောင်းအောင်လုပ်ပြမယ်။



ကျေပ်တို့က ညစ်ပေတဲ့လက်ကတစ်ဆင့် ပါးစပ်ထဲခုန်ဝင်ချင်တယ်။










ဗိုက်အောင့်၊ ဗိုက်နာ၊ အအေးမိ၊ တုပ်ကွေး ဒါတွေအားလုံးခင်ဗျား တို့ကို ပေးလို့ရတယ်။



ကျုပ်တို့ကို ဘယ်မှာရှာတွေ့နိုင်မလဲသိလား?
မြေကြီးပေါ်မှာရှိတယ်။ လေထဲမှာလည်းရှိတယ်။ နေရာအနှံ့မှာ တို့ပိုးမွှားတွေရှိကြတယ်။





မှောင်ပြီးစိုထိုင်းတဲ့နေရာမျိုးဆိုရင် ပျော်ပွဲစားထွက်ဖို့အကောင်းဆုံးပေါ့။



တကယ်လို့ ခပ်နွေးနွေးလေးရှိမယ်ဆိုရင် ညတွင်းချင်းပဲ ကျုပ်တို့ ပွားများကြလိမ့်မယ်။




ဒေါက် ဒေါက် ဒေါက် ခန္ဓာကိုယ်ကြီးဝင်ခွင့်ပြုပါ။
ဝင်လို့ရတာနဲ့ ခင်ဗျားကို နေထိုင်မကောင်းအောင်လုပ်ပေးလိုက်မယ်။



တစ်ခါတလေတော့ကျုပ်တို့ရောဂါပိုးမွှားတွေ ပျံ့ပွားဖို့မလွယ်လှဘူး။
ကျုပ်တို့မှာလည်း ရန်သူတွေအများကြီးရှိတယ်။



အောင်မယ်လေး! ရေနွေးပူနဲ့ ဆပ်ပြာရည်ကြီးပါလား။ သေရချည့်ရဲ့။



လေကောင်းလေသန့်နဲ့ နေရောင်ခြည်! ပိုတောင်ဆိုးသေး။




တစ်ချို့ကစိတ်ထားမကောင်းကြဘူး။ "ပွတ်ပွတ် နာနာပွတ်
အားလုံးသန့်ရှင်းသွားပြီ"။



ဒီလိုကျပြန်တော့ ကျုပ်တို့ပိုးမွှားတွေဟာ သနားစရာလေးပေါ့။
အားလုံးဆေးကြောသန့်စင်ထားလို့ ကျုပ်တို့မှာ ကောင်းကောင်းတောင်
မကစားရတော့ဘူး။

ခုလိုစားစရာတွေကို အဖုံးလုံအောင်အုပ်ထားမှတော့ ကျုပ်တို့တွေ
ပွားများလို့ရပါဦးမလား။






ခင်ဗျားတို့ရဲ့ အစားအစာတွေကို ကြောင်အိမ်ထဲ ထည့်ထားမှတော့
ကျုပ်တို့ဘယ်လို ဝင်ရပါ့မလဲ?။

တော်တော့၊ တော်တော့! ဟိတ်လူတွေ ယင်ကောင်တွေအတွက် နဲနဲတော့ ချန်ထားပေးစမ်းပါ။





တံမြက်စည်း၊ ကြမ်းတိုက်တဲ့အဝတ်နဲ့ ဆပ်ပြာရည်တွေပါလား၊ မြန်မြန်ပြေးမှ၊

ဒီမှာနေလို့မဖြစ်ဘူး၊ ဒါပေမယ့် ဂရုမစိုက်ပါဘူး။ ကျုပ်တို့က ပိုးမွှားတွေဘဲ။
နေရာတိုင်းကို သွားလို့ရပါတယ်။





ကျုပ်တို့ကို ကူညီမယ့်လူတွေလည်း အများကြီးရှိကြတယ်။ တကယ်ပြောတာ၊
ချောင်းဆိုးတဲ့လူ၊ နှာချေတဲ့လူတွေပဲပေါ့။


လူတွေပြွတ်သိပ်နေတဲ့နေရာမှာ သွားလာလို့အလွယ်ဆုံးပဲ။
နှာချေ၊ ချောင်းဆိုးတဲ့လူတွေကတစ်ဆင့် တခြားလူတွေဆီထပ်ပြီး
ကူးစက်သွားအောင် ကျုပ်တို့က ကူပေးဦးမှာ။



ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ပင်ပန်းနွမ်းနယ်ပြီး အအေးမိနေတဲ့အခါ
ကျွဲတို့ပိုးမွှားတွေက
ဓနထိုင်မကောင်းအောင် လုပ်ပေးဖို့ သိပ်လွယ်တာပေါ့။

ကျုပ်တို့ဘယ်သူဆိုတာသိပြီလား!။ မြေကြီးပေါ်မှာလည်းနေတယ်။
လေထဲမှာလည်းနေတယ်။
နေရာတိုင်းမှာ ရှိကြတယ်။





လာကြဟေ့! မြန်မြန်လာကြဟေ့! ဒီမှာ အညစ်အကြေးစွန့်ပြီး သန့်ရှင်ရေး
လုပ်ဖို့ မေ့နေကြတယ်။



ကျုပ်တို့က သတိဝိရိယနဲ့ မှန်မှန်ဆေးကြောတတ်တဲ့ လူတွေထက်
ဖြစ်ကတတ်ဆန်း နေတတ်တဲ့ လူတွေကို ပိုသဘောကျတယ်။



ကြည့်စမ်း! ကလေးတစ်ယောက်ချော်လဲသွားပြီ၊
ကျုပ်တို့စိတ်မကောင်း ဖြစ်မယ်ထင်လား။ ဝေးသေး။



တံတောင်ဆစ်နဲ့ ဒူးတော့ပြဿွားပြီ။ လာကြဟော့၊ တို့အစွမ်းပြလိုက်ကြရအောင်။



ပြဿနာတွဲ့နေရာမှာ တို့ပိုးမွှားတွေ ဝင်ရလွယ်တယ်လေ။ ဝမ်းနည်းပါတယ် ချာတိတ်ရယ်။



ကျုပ်တို့ကို ဘယ်သူတွေကူကြသေးလဲ သိလား?။ နှာခေါင်းနီကတတ် တဲ့သူတွေ ခဲဖျက်၊ ခဲတံ ဝါးတတ်တဲ့သူတွေနဲ့ လက်စုပ်တတ်တဲ့ကလေးတွေပဲပေါ့။



သိတယ်မဟုတ်လား?။ ကျုပ်တို့မှာ အဲဒီလို သူငယ်ချင်းတွေ အများကြီးရှိတယ်လေ။
ဒါပေမဲ့ ရန်သူအများကြီးရှိပေမယ့် အလုပ်ဖြစ်ပါတယ်။

ကျုပ်တို့ ဘယ်သူတွေဆိုတာ သိပြီလား?။
မြေကြီးပေါ်မှာလည်း နေတယ်။
လေထဲမှာလည်းနေတယ်။
နေရာတိုင်းမှာ ကျုပ်တို့ရှိကြတယ်။

